

# မြန်မာနိုင်ငံကြက်ခြေနီအသင်း

HR-VA No. 129 – Warehouse Security

**မြန်မာနိုင်ငံကြက်ခြေနီအသင်း**သည် မြန်မာနိုင်ငံတွင် သက်တမ်းအရှည်ကြာဆုံးနှင့် ဦးဆောင်ဦးရွက်ပြုနေသော လူမှုကရုဏာအဖွဲ့အစည်းဖြစ်ပြီး ဘေးအန္တရာယ်ကျရောက်လွယ်ဆုံးသူများ၏ ကျန်းမာရေးနှင့် ပိုမိုကောင်းမွန်သော ဘဝများအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

## သိုလှောင်ရုံလုံခြုံရေး

| | | |
|---|---|---|
| အရေအတွက် | : | (၂) ဦး |
| အစီရင်ခံတင်ပြမှု | : | ထောက်ပံ့ပို့ဆောင်ရေးအရာရှိ |
| ဌာန | : | ထောက်ပံ့ပို့ဆောင်ရေးနှင့် ဝယ်ယူဖြည့်တင်းရေးစီမံခန့်ခွဲမှုဌာန |
| တာဝန်ကျရာနေရာ | : | သန်လျင်မြို့နယ်၊ ရန်ကုန်မြို့ |
| အဆင့် | : | A-2 |
| အကျိုးခံစားခွင့်များ | : | လစာ + အပိုထောက်ပံ့ကြေး + ရှောင်တခင်ခွင့်+ ကူးစက်ရောဂါကာကွယ်ခွင့် + လုပ်သက်ခွင့် + ဆေးလက်မှတ်ခံစားခွင့် + မီးဖွားခွင့် + နာရေးခွင့် + အစားထိုးနားရက်ခံစားခွင့် + မွေးကင်းစကလေး အားပြုစုခွင့် + သွေးလှူရှင်ခွင့် + ခရီးသွားစားရိတ် + ကျန်းမာရေးအာမခံနှင့် စုပေါင်းအသက်အာမခံ + စွမ်းဆောင်ရည်မြင့်သင်တန်းများ |
| လျှောက်လွှာပိတ်ရက် | : | ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (၆) ရက်၊ (၁၆:၃၀)နာရီ |

**<u>စီမံချက် (သို့) ဌာနအကြောင်း မိတ်ဆက်အကျဉ်း</u>**

**ထောက်ပံ့ပို့ဆောင်ရေးနှင့် ဝယ်ယူဖြည့်တင်းရေး စီမံခန့်ခွဲမှုဌာန**သည် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ရန်မျှော်မှန်းလျက် လုပ်ငန်းစဉ်(၃)ရပ်နှင့်အညီ ပြည်နယ်တိုင်းဒေသကြီးများတွင် ဘေးအန္တရာယ်ဖြစ်ပေါ်ချိန်၊ ကယ်ဆယ်ရေးလုပ်ငန်းများတွင် အကျိုးခံစားခွင့်ရှိသူများထံသို့ အချိန်နှင့်တပြေးညီ ကယ်ဆယ်ရေးပစ္စည်းများရရှိရေး၊ သိုလှောင်ရုံများထိန်းသိမ်းခြင်း၊ ဝယ်ယူဖြည့်တင်းပေးခြင်း၊ ပစ္စည်းများပို့ဆောင်ပေးခြင်း၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် ဝယ်ယူဖြည့်တင်းရေးဆိုင်ရာလုပ်ငန်းများတွင် အရည်အသွေးပြည့်ဝပြီး လုပ်ငန်းကျွမ်းကျင်သောဝန်ထမ်းများနှင့် စေတနာ့လုပ်အားရှင်များရရှိရေး၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဌာနများ၊ ယူနစ်များ၊ စီမံချက်များ၊ စီမံကိန်းများနှင့် ပြည်နယ်တိုင်းဒေသကြီးများ၏ ထောက်ပံ့ပို့ဆောင်ရေးနှင့် ဝယ်ယူဖြည့်တင်းရေးဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်လျှက်ရှိပါသည်။

**<u>ရည်ရွယ်ချက်</u>**

**သိုလှောင်ရုံလုံခြုံရေး**သည် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်တွင် တည်ရှိသော အသင်းပိုင်ပင်မ သိုလှောင်ရုံအဆောက်အဦနှင့် ခြံအဝန်းအဝိုင်း၊ သိုလှောင်ရုံရှိ မော်တော်ယာဉ်များ၏ လုံခြုံရေးနှင့် မီးဘေးအန္တရာယ်လုံခြုံရေးကို စီမံချက်ရေးဆွဲပြီး နေ့/ည မပြတ်စောင့်ကြပ်ပေးရန်ဖြစ်ပါသည်။

**<u>တာဝန်နှင့်ဝတ္တရားများ</u>**

၁။ သိုလှောင်ရုံလုံခြုံရေး (နေ့/ည) တို့အတွက် တာဝန်ထမ်းဆောင်ရေး အစီအစဉ်၊ ကင်းလှည့်ရေး အစီအစဉ်များကို အုပ်ချုပ်ရေးအရာရှိတို့က အသေးစိတ်ရေးဆွဲပေးမည့် စည်းကမ်းများအတိုင်း အလှည့်ကျလုံခြုံရေး တာဝန်များကို တာဝန်ထမ်းဆောင်ရွက်ရမည်။

"Person with disability are encouraged to apply this post as they will be given equal opportunity"

"Our recruitment and selection procedures reflect our commitment to the safety and protection of children, and prevention of violence among communities' members in our programs"

*Humanity, Impartiality, Neutrality, Independence, Voluntary Service, Unity and Universality*

၂။ ယာဉ် ဝင်/ထွက် ကို စစ်ဆေးကြပ်မတ်၍ မှတ်တမ်းတင်ရမည်။

၃။ ဝန်ထမ်း ဝင်/ထွက်၊ ဧည့် ဝင်/ထွက် မှတ်တမ်းထားရှိပြီး လက်ထောက်ထောက်/ပို့ မှတဆင့် အကြီးတန်း ထောက်ပံ့ပို့ဆောင်ရေးနှင့်ဝယ်ယူဖြည့်တင်းရေးအရာရှိ ထံသို့တင်ပြရမည်။

၄။ ပစ္စည်းလုံခြုံရေးအတွက် နေ့/ည တာဝန်ကျချိန်တွင် ရုံးခန်းများ၊ ပစ္စည်းသိုလှောင်ရုံများ၊ ယာဉ်များအား ကြပ်မတ်စစ်ဆေးရမည်။

၅။ သိုလှောင်ရုံတွင်းရှိ ပစ္စည်းများကို လေလွင့်မှုမရှိစေရန်၊ ပျက်စီးမှု၊ ပျောက်ဆုံးမှု၊ ဆုံးရှုံးမှု မရှိစေရန် သတ်မှတ်ထားပေးထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ စောင့်ရှောက်ရမည်။

၆။ မီးဘေးအန္တရာယ်နှင့် အခြားလူကြောင့်ဖြစ်သော အန္တရာယ်များမှ ကြိုတင်ကာကွယ်ရမည်။

၇။ မသင်္ကာဖွယ်ရာတွေ့ရှိပါက အထက်အဆင့်ဆင့်သို့ အချိန်နှင့်တစ်ပြေးညီ သတင်းပို့ရန်၊ လိုအပ်ပါက ဖမ်းဆီးနိုင်ရေးဆောင်ရွက်ရမည်။

၈။ အသင်း၏လုံခြုံရေးအတွက် သတင်းအချက်အလက်လုံခြုံမှုရှိရမည်။

၉။ အခြားဌာနများ၊ အသင်းအဖွဲ့များမှ လက်ခံရရှိသည့် ဖုန်းသတင်းများအား သက်ဆိုင်သူထံသို့ အဆင့်ဆင့် အချိန်နှင့်တစ်ပြေးညီ သတင်းပို့ရမည်။

၁၀။ အခြားဌာန/ရုံး/အသင်းအဖွဲ့များမှ လက်ခံရရှိသည့် ဝင်စာများအား သက်ဆိုင်သူထံသို့ အချိန်နှင့် တစ်ပြေး ညီ သတင်းပို့ရမည်။

၁၁။ သိုလှောင်ရုံလုံခြုံရေး (နေ့/ည) သည် အထက်ပါလုပ်ငန်းတာဝန်များအပြင် အုပ်ချုပ်ရေးအရာရှိ (ထောက်/ပို့ အရာရှိ) ကဖြစ်စေ၊ အခြားတာဝန်ရှိ အထက်အရာရှိများကဖြစ်စေ အခါအားလျော်စွာ ပေးအပ်သည့် လုပ်ငန်းတာဝန်များကိုလည်း ထမ်းဆောင်ရမည်။

## လိုအပ်သောအရည်အချင်းများ

- **အခြေခံပညာအလယ်တန်းအဆင့်အထိ သင်ယူဖူးသူ (သို့မဟုတ်) အလယ်တန်းပညာအဆင့် အောင်မြင်ပြီးသူဖြစ်ရမည်။**
- လုံခြုံရေးအတွေ့အကြုံအနည်းဆုံး လုပ်သက် (၁) နှစ်ရှိရမည်။
- လုံခြုံရေးအတွေ့အကြုံရှိသူကို ဦးစားပေးမည်။
- ကျန်းမာသန်စွမ်းပြီးသွက်လက်နိုးကြားသူဖြစ်ရမည်။ နာခံတတ်သူဖြစ်ရမည်။
- ပြစ်မှုမှတ်တမ်းကင်းရှင်းပြီး အကျင့်စာရိတ္တကောင်းမွန်ရိုးသားရမည်။ လုံခြုံရေးအမြင်ရှိရမည်။
- လူမှုဆက်ဆံရေးကောင်းမွန်သူဖြစ်ရမည်။
- တာဝန်ချိန်ကို အပြည့်အဝထမ်းဆောင်နိုင်သူဖြစ်ရမည်။
- အရက်သေစာသောက်စားခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း မပြုလုပ်ရ။
- ကြက်ခြေနီအခြေခံမူ (၇) ချက်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ မဟာဗျူဟာနှင့် စည်းမျဉ်း စည်းကမ်းများကို လိုက်နာနိုင်သူဖြစ်ရမည်။
- ကြက်ခြေနီ၊လခြမ်းနီအခြေခံမူများကို နားလည်လက်ခံပြီး တက်ကြွစွာမြှင့်တင်လိုစိတ်ရှိသူဖြစ်ရမည်။
- ကြက်ခြေနီနှင့် လခြမ်းနီ လူမှုကရုဏာလှုပ်ရှားမှုများတွင် အတွေ့အကြုံရှိသူကို ဦးစားပေးမည်။

- အထက်ပါအရည်အချင်းနှင့်ပြည့်စုံသော ဒေသခံများ(သို့) ကြက်ခြေနီစေတနာလုပ်အားရှင်များ လျှောက်ထားပါက ဦးစားပေးမည်။
- လျှောက်ထားသူများအနေဖြင့် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဝန်ထမ်းစည်းမျဉ်း၊ အသင်း၏ လိုက်နာရမည့် ကျင့်ဝတ်စည်းကမ်း (Code of Conduct)၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးစားပြုကျင့်ခြင်းဆိုင်ရာ ကာကွယ်တားဆီးရေးမူဝါဒ (PSEA Policy)၊ ကလေးသူငယ် ကာကွယ်ပေးရေးဆိုင်ရာမူဝါဒ အပါအဝင် ၎င်း၏ စံချိန်စံညွှန်းများ (Child Safeguarding Standards)၊ လိမ်လည်မှုနှင့် အကျင့်ပျက်လာဘ်စားခြင်းအား တားဆီးကာကွယ်ခြင်းဆိုင်ရာမူဝါဒ (Anti-Fraud and Anti-Corruption Measures)၊ အခွင့်အလမ်း တန်းတူညီမျှမှုဆိုင်ရာ စည်းမျဉ်းများ (Equal Opportunity Principles)နှင့် အခြားသော လုံးဝ ခွင့်မလွှတ်ပေးနိုင်သည့် (Zero-Tolerance) မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများအား အပြည့်အဝ လေးစားလိုက်နာရန် လိုအပ်ပါသည်။

**"ကျွန်ုပ်တို့အဖွဲ့အစည်းသည် မတူကွဲပြားမှု (Diversity) နှင့် ကျား/မ တန်းတူညီမျှမှု (Gender Equality) တို့ကို တိုးတက်မြှင့်တင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး မတူကွဲပြားသော နောက်ခံအခြေအနေ အတွေ့အကြုံရှိသူများကို လျှောက်ထားရန် အားပေးတိုက်တွန်းပါသည်။"**

****စိတ်ပါဝင်စားသူများသည် ကိုယ်ရေးရာဇဝင်နှင့်အတူ လိုအပ်သောအထောက်အထား မိတ္တူ/ PDF Version ဖြင့် ပြည့်စုံစွာပေးပို့လျှောက်ထားမှသာလျှင်ထည့်သွင်းစဉ်းစားမည်ဖြစ်ပါသည်-**

| | |
|---|---|
| **မြန်မာနိုင်ငံကြက်ခြေနီအသင်း** | **မြန်မာနိုင်ငံကြက်ခြေနီအသင်း** |
| **ရုံးချုပ်** | **ရုံးခွဲ** |
| **ရာဇသင်္ဂဟလမ်းမကြီး၊ ဒက္ခိဏသီရိမြို့၊ နေပြည်တော်။** | **အမှတ်(၄၂)၊ ကမ်းနားလမ်း၊ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။** |

(သို့မဟုတ်) mrcshrrecruitment@redcross.org.mm သို့ လိပ်မူကာ ပေးပို့ရမည်။
အသေးစိတ်အချက်အလက်များအား www. redcross.org.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**လူတွေ့စစ်မေးခြင်းရွေးချယ်ခံရသူကိုသာ အကြောင်းကြားမည်ဖြစ်ပါသည်။**

"Person with disability are encouraged to apply this post as they will be given equal opportunity"

"Our recruitment and selection procedures reflect our commitment to the safety and protection of children, and prevention of violence among communities' members in our programs"

*Humanity, Impartiality, Neutrality, Independence, Voluntary Service, Unity and Universality*